# အာဆီယံအသိုက်အဝန်း ရည်မှန်းချက် ၂၀၂၅ အောင်မြင်စေရေး အထောက်အကူတစ်ခုဖြစ်သော အာဆီယံနိုင်ငံ့ဝန်ထမ်း အခန်းကဏ္ဍဆိုင်ရာ အာဆီယံကြေညာချက်

ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ မနီလာမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် ၂၀၁၇ ခုနှစ်၊ (၃၀) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သော ဘရူနိုင်းဒါရုဆလမ် နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မလေးရှား နိုင်ငံ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ အကြီးအကဲများ-

မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၂၂)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၂၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အတည်ပြုခဲ့သော အာဆီယံ ၂၀၂၅ အတွက် ကွာလာလမ်ပူကြေညာချက်ဖြစ်သည့် "ရှေ့သို့တူညီတက်လှမ်းချီ" ကို ပြန်လည်ရည်ညွှန်း၍ လည်းကောင်း၊

ဒေသတွင်းနိုင်ငံများ၏ ကောင်းမွန်သောအစိုးရဖြစ်စေရန်အတွက် နိုင်ငံ့ဝန်ထမ်းများသည် အဓိက မဏ္ဍိုင်တစ်ခုဖြစ်ကြောင်း၊ အာဆီယံနိုင်ငံ့ဝန်ထမ်းများသည် ၎င်းတို့ပြည်သူလူထုအတွက် ဝန်ဆောင်မှုများ ပေးရေးသာမက နိုင်ငံတော်နှင့်လူမှုဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူပိုင်အရင်း အမြစ်များကို တာဝန်ယူ စီမံခန့်ခွဲရေး၊ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ကြိုတင်မျှော်မှန်းရေးနှင့် အစိုးရနှင့် ပြည်သူအကြားပေါင်းကူးဆက်ဆံရေးကို စီမံခန့်ခွဲနိုင်ရန်အတွက် အရေးပါသော အခန်း ကဏ္ဍကပါဝင်နေကြောင်းကို သိရှိမှတ်သားနိုင်ရန်လည်းကောင်း၊

အာဆီယံနိုင်ငံများအကြား နားလည်မှုသဘောထား တိုးတက်မြင့်မားရန်နှင့် အာဆီယံမျှော်မှန်းချက် ၂၀၂၅အရ နိုင်ငံ့ဝန်ထမ်းအခန်းကဏ္ဍအနေဖြင့် ကဏ္ဍအလိုက်လည်းကောင်း၊ မဏ္ဍိုင်အလိုက်လည်းကောင်း၊ ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ခြင်း၊ အာဆီယံအသိုက်အဝန်းတည်ထောင်ခြင်းတို့အပြင် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးအတွက် အထောက်အကူများပေးခြင်းကို ထပ်မံဂရုပြုမှတ်သား စေရန်လည်းကောင်း၊

အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိစေရန်အတွက် နိုင်ငံ့ဝန်ထမ်းကဏ္ဍအနေဖြင့် လုပ်ငန်းဆိုင်ရာအမြင့်မားဆုံး စံနှုန်းအရည်အသွေးများရှိသော၊ စွမ်းရည်ပြည့်ဝသော၊ ထိရောက်မှုရှိသော၊ ပူးပေါင်းပါဝင်ဆောင်ရွက်သော၊ တုံ့ပြန်မှုပေးနိုင်သော၊ ပွင့်လင်းမြင်သာမှုရှိ၍ တာဝန်ယူမှုရှိသော၊ နိုင်ငံ့ဝန်ထမ်းများအားလုံးပါဝင်ဆောင်ရွက်ခြင်းဖြင့် အလေးဂရုပြုစေရန်လည်းကောင်း၊

မလေးရှားနိုင်ငံ၊ ပူထရာဂျာရာမြို့၌ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းခေါင်းဆောင်များ အတည်ပြုခဲ့သော ၂၀၁၅ အလွန် ဦးစားပေးမှုများဖြစ်သည့် ပူထရာဂျာယာ ပူးတွဲကြေညာချက်ဖြစ်သည့်- ပြည်သူဗဟိုပြုနိုင်ငံ့ဝန်ထမ်းများဖြစ်စေရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံအသိုက်အဝန်း၏ ထပ်မံပေါင်းစည်းမှုကို အထောက်အပံ့ဖြစ်စေရန်အတွက်လည်းကောင်း၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ မနီလာမြို့၌ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလတွင် အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ခေါင်းဆောင်များ အတည်ပြုခဲ့သော အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့လုပ်ငန်းစဉ် ၂၀၁၆-၂၀၂၀ အတွက်လည်းကောင်း အောက်ပါတို့ကို ကြိုးပမ်းဆောင်ရွက်ရန် သဘောတူကြသည်-

(၁) အာဆီယံနိုင်ငံ့ဝန်ထမ်းများ၏ အရည်အချင်းနှင့် ကျွမ်းကျင်မှုများ တိုးတက်လာစေရန် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်အောင်နေထိုင်ရေး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု၊ ကျန်းမာရေးဆိုင်ရာစီမံခန့်ခွဲခြင်းနှင့် လုပ်ငန်းခွင်တွင် ကျား၊ မ တန်းတူညီမျှအခွင့်အရေးရရှိရေးကိစ္စရပ်များဆောင်ရွက်ခြင်း၊ ကောင်းမွန်သောအုပ်ချုပ်ရေးဖြစ်သည့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု၊ လုပ်ငန်းစွမ်းဆောင်ရည်နှင့် ဝန်ထမ်းဆိုင်ရာကိစ္စရပ်များတွင် အတွေ့အကြုံကောင်းများကို ဖလှယ်ပေးရန်၊

(၂) ကဏ္ဍအသီးသီးရှိ နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းကျွမ်းကျင်မှုရှိစေရန်နှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးရန်၊ နိုင်ငံ့ဝန်ထမ်းများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို ဖော်ဆောင်ဆေးရန်အတွက် ကဏ္ဍအလိုက်လုပ်ငန်း ကျွမ်းကျင်မှုအသိုက်အဝန်းကို ထူထောင်ပေးရန်၊

(၃) အစိုးရအဖွဲ့အစည်းများသည် လုပ်ငန်းများဆောင်ရွက်ရာတွင် လျင်မြန်ထိရောက်မှုရှိစေရန်၊ ပြည်သူတို့၏ ယုံကြည်မှုရရှိစေရန်၊ အနာဂါတ်ကို ကြိုတင်မျှော်မှန်းဆောင်ရွက်နိုင်စေရန်၊ စိန်ခေါ်မှုများကြုံတွေ့ရသည့်အခါ ကောင်းမွန်စွာဖြေရှင်းနိုင်သောအဖွဲ့အစည်းများ ဖြစ်နိုင်စေရန်အတွက် အာဆီယံနိုင်ငံ့ဝန်ထမ်းများသည် ဝန်ထမ်းနှင့်ပြည်သူနှစ်ဖက်အကျိုးရှိစေမည့် ကောင်းမွန်သောစီမံအုပ်ချုပ်မှုဆိုင်ရာစံနှုန်းများဖြစ်သောပြည်သူ ဗဟိုပြုခြင်းနှင့်ဆန်းသစ်တီထွင်ခြင်းတို့ကို ကိုယ်စားပြုနိုင်ရေးအတွက်အလေ့အထကောင်းများ နှင့်အသိပညာမျှဝေပေးရန်၊

(၄) နိုင်ငံ့ဝန်ထမ်းများ၏အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်ရန်နှင့်ဒေသတွင်း သဘာဝဘေးအန္တရာယ်နှင့် အခြားအန္တရာယ်ဖြစ်စေနိုင်သော အခြေအနေများ ကြုံတွေ့လာရသည့်အခါ ဒေသတွင်းစေ့စပ်ညှိနှိုင်းထားသည့် ကတိကဝတ်များကို ထိန်းသိမ်းကာကွယ်သွားရန်၊

(၅) ယခုကြေညာချက်တွင် သဘောတူညီထားသည့်အတိုင်း ထိရောက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြားသာမက အာဆီယံနှင့် အကျိုးတူမိတ်ဖက်အဖွဲ့အစည်းများ၊ ဒေသတွင်းဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍနှင့်အခြားဆက်စပ်အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်ခြင်း၊ ချိတ်ဆက်ခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းများကို ပိုမိုခိုင်မာစေရန်၊

အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း(APSC)၊ အာဆီယံစီးပွားရေးအသိုက်အဝန်း(AEC)နှင့် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း(ASCC)တို့ အောက်ရှိ သက်ဆိုင်ရာကဏ္ဍအသီးသီး နှင့် ပူးပေါင်းဆောင်ရွက်၍ ယခုကြေညာချက်ပါရည်မှန်းချက်များ အောင်မြင်စေရန်နှင့် ရှေ့လုပ်ငန်းစဉ်များဖွံ့ဖြိုးတိုးတက်ရေးပါဝင်စေရေး ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၂၀၁၇ခုနှစ်၊ ဧပြီလ ...၂၉........ရက်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ မနီလာမြို့၌ လက်မှတ်ရေးထိုးပါသည်။